သတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံရှိ ဒေသခံလူမှုရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်နိုင်မှု တိုးတက်ရေးအတွက် ဂျာမဏီနိုင်ငံမှ ငွေကြေးပံ့ပိုးမှု

၂၀၀၆ခုနှစ် မေလ(၅)ရက်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)နှင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသခံ လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်သည့်အစီအစဉ်တွင် ကျောင်းမနေနိုင်သည့် ကလေးသူငယ်များအား ဘဝကျွမ်းကျင်မှုနှင့် HIV/AIDS ကာကွယ်တားဆီးရေးတို့ကို ပညာပေး သင်ကြားပေးရာ၌ လုပ်ငန်းပိုမိုလုပ်ဆောင်နိုင်ရန် ဂျာမဏီနိုင်ငံအစိုးရမှ ငွေပေါင်း ယူရို ၇၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၈၇၀၀၀၀)ကို ပံ့ပိုးကူညီ သွားမည်ဖြစ်ကြောင်း ယနေ့ ကြေငြာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

ယူနီဆက်၏ အစီအစဉ်ကို မြို့နယ်ပေါင်း(၂၀)တွင် အကောင်အထည်ဖေါ်သွားမည်ဖြစ်ပြီး ယင်းမြို့နယ်များမှာ HIV/AIDS အန္တရာယ် သက်ရောက်လျက်ရှိနေသော နေရာများ ဖြစ်ပါသည်။ ထို့ပြင် ယင်းမြို့နယ်များရှိ ကျောင်းမနေတော့သည့် လူငယ်လူရွယ်များအတွက် အခြားပညာအစားထိုး သင်ယူနိုင်ရန် အခွင့်အလမ်းများလည်း မရှိကြချေ။

ယူနီဆက်၏ ဤအစီအစဉ်ကို မြန်မာနိုင်ငံရှိ ဒေသခံ လူမှုရေးအဖွဲ့အစည်း(၃)ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်၍ အကောင်အထည်ဖေါ်သွားမည်ဖြစ်ပြီး အသက်(၁၀)နှစ်မှ (၁၇)နှစ်ရှိ လူငယ်လူရွယ်များအတွက် ဦးတည်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဂျာမဏီနိုင်ငံအစိုးရမှ ယူနီဆက်သို့ ပေးအပ်သည့် လှူဒါန်းငွေကို ဒေသခံ လူမှုရေးအဖွဲ့အစည်းများ၏ ကျောင်းပြင်ပပညာရေးစီမံချက်များ ဖေါ်ထုတ်ရာ၌ လုပ်ငန်းစွမ်းဆောင်နိုင်မှုကို မြှင့်မားတိုးတက်စေရန် အသုံးပြုသွားမည် ဖြစ်ပါသည်။ ကျောင်းပြင်ပ ပညာရေးစီမံချက်များသည် လူငယ်များအား ဘဝတွက်တာ ကျွမ်းကျင်မှုအတွက် အခြားပညာ သင်ယူရန် အခွင့်အလမ်းများကို လက်လှမ်းမှီနိုင်ရန် ဖြစ်ပါသည်။ အထူးသဖြင့် မိမိကိုယ်ကို HIV/AIDS အန္တရာယ်မှ ကာကွယ်ရန်အတွက်ဖြစ်ကြောင်း ဂျာမဏီနိုင်ငံ ဒုတိယသံအမတ်ဖြစ်သူ မစ္စတာ ဒတ်ဩဂုစတင်မှ ပြောကြားသွားပါသည်။

ယာယီ ယူနီဆက်ဌာနေကိုယ်စားလှယ် မစ္စအယ်လ်ကာဝစ်(ရှ်)က ဤအစီအစဉ်သည် ဒေသခံ လူမှုရေးအဖွဲ့များ၏ လုပ်ငန်းစွမ်းဆောင်နိုင်မှုကို မြှင့်တင်ခြင်းဖြင့် လူငယ်များအား ဘဝတွက်တာကျွမ်းကျင်မှုနှင့် HIV/AIDS ကာကွယ်တားဆီးရန် သင်ကြားပေးသည်သာမက လူငယ်များ အခြားဘဝအခက်အခဲများကို ရင်ဆိုင်ဖြေရှင်း တတ်ရန်လည်း ပညာသင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

မြန်မာနိုင်ငံတွင် ယနေ့ လူပေါင်း (၃၃၀၀၀၀)ခန့်မျှ HIV/AIDS ဝေဒနာ ခံစားနေရပါသည်။ အသက်(၁၅)နှစ်မှ (၄၉)နှစ်ရှိ လူဦးရေအတွင်း HIV/AIDS ဖြစ်ပွားမှုနှုန်းမှာ (၁. ၂)ရာခိုင်နှုန်း ဟု ခန့်မှန်းရပါသည်။

ယူနီဆက်သည် ကျောင်းမနေသည့် လူငယ်များအား ဘဝတွက်တာကျွမ်းကျင်မှုနှင့် HIV/AIDS ကာကွယ်တားဆီးရေးပညာကို သင်ကြားပေးသည်သာမက ကျောင်းနေလျက်ရှိသော ကလေးသူငယ်များကိုလည်း ဤကဲ့သို့ ပညာသင်

United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435

Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar

ကြားပေးလျက်ရှိရာ မြန်မာနိုင်ငံ၏ မြို့နယ်ပေါင်း သုံးပုံတစ်ပုံခန့်တွင် အကောင်အထည်ဖေါ် ဆောင်ရွက်လျက်ရှိပါသည်။ ဤအစီအစဉ်ကို လာမည့်(၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံလုံးရှိ မြို့နယ်တိုင်းသို့ တိုးချဲ့သွားမည်ဖြစ်ပါသည်။

*****************

ကလေးသူငယ်များသည် အခြေခံပညာရေး၊ ကျန်းမာရေးနှင့် ခေါင်းပုံဖြတ်ခြင်း အမျိုးမျိုးမှ ကာကွယ်ရေးတို့ ရရှိရန် အခွင့်အရေးရှိကြောင်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်တွင် အတည့်အလင်း ဖေါ်ပြထားပါသည်။ မြန်မာနိုင်ငံသည် ထိုစာချုပ်ကို ၁၉၉၁ခုနှစ်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပါသည်။

*****************

**ဆက်လက်သိလိုပါက**

**ဂျေဆင်ရပ်(ရှ်)** ပြန်ကြားရေးအရာရှိ၊ ယူနီဆက် ရန်ကုန်။
ဖုန်း- ၂၁၂၀၈၆၊ ဖက်စ်- ၂၁၂၀၆၃၊ အီးမေးလ်- jrush@unicef.org
လက်ကိုင်ဖုန်း- ၀၉၅၁ ၂၂၆၉၆

**ဦးဖေတင်သိန်း** ဆက်သွယ်ရေးအရာရှိ၊ ယူနီဆက် ရန်ကုန်။
ဖုန်း- ၂၁၂၀၈၆၊ ဖက်စ်- ၂၁၂၀၆၃၊ အီးမေးလ်- pthein@unicef.org